## 4 ဆေးကုသမှုနှင့် ပင်စင် (F ဆေးကုသမှု၊ G ပင်စင် ရည်ညွှန်း)

### 4−2 ပင်စင်

ဂျပန်နိုင်ငံတွင် နေထိုင်သော နိုင်ငံခြားသားများသည် လူမှုဖူလုံရေး ပင်စင်အာမခံ နှင့် နိုင်ငံသားပင်စင်ကို လျှောက်ထားနိုင်ရန် အကျုံးဝင်သည်။

### (1) လူမှုဖူလုံရေးပင်စင်

ကျန်းမာရေးအာမခံကဲ့သို့ ၅ယောက်အထက် ဝန်ထမ်းရှိသော ကုမ္ပဏီတွင် အလုပ်လုပ်နေလျှင် နိုင်ငံခြားသားများသည်လည်း လူမှုဖူလုံရေးပင်စင် လျှောက်ထားရန် အကျုံးဝင်ပြီး ၄င်းအာမခံကို မဝင်မနေရပါ။ ထို့အပြင် အချိန်ပိုင်းအလုပ် လုပ်သော အခြေအနေတွင်လည်း ၄င်းကုမ္ပဏီတွင် အလုပ်လုပ်ကိုင်သော ပုံမှန်ဝန်ထမ်း၏ အလုပ်လုပ်ချိန် နှင့် အလုပ်လုပ်ရက် အရေအတွက်၏ ၄ပုံ၃ပုံအထက် ရှိသောအခြေအနေတွင် ၎င်းအာမခံကို ဝင်ရမည်ဖြစ်သည်။ အာမခံကြေးသည် မိမိ၏ ကုမ္ပဏီနှင့် အလုပ်သမားတို့က ၅ဝရာခိုင်နှုန်းစီ ကျခံရမည် ဖြစ်သော်လည်း ၎င်းပမာဏသည် အလုပ်သမား၏ လစာနှင့် ဆုကြေးငွေပမာဏပေါ်မူတည်၍ ကွဲပြားသည်။ ၎င်းအပြင် အာမခံကြေး ပေးခြင်းသည် ကုမ္ပဏီမှ တဆင့် ဆောင်ရွက်ရသည်။

### (2) ပြည်သူ့ပင်စင်

လူမှုဖူလုံရေး ပင်စင်အာမခံတွင် မဝင်ထားသူသည် ပြည်သူ့ပင်စင်တွင် ဝင်ရမည်ဖြစ်သည်။ (G ပင်စင် 1 ပြည်သူ့ပင်စင်ကို ကြည့်ပါ။)

### (3) နုတ်ထွက်ချိန် တစ်လုံးတစ်ခဲပြန်ထုတ်ငွေ စနစ်

ဂျပန်နိုင်ငံတွင် လူမှုဖူလုံရေး ပင်စင်အာမခံ၊ ပြည်သူ့ပင်စင်တွင် ဝင်ထားသော နိုင်ငံခြားသားများသည် ဂျပန်နိုင်ငံမှ ထွက်ခွာပြီးနောက် လျှောက်ထားပါက နုတ်ထွက်ချိန် တစ်လုံးတစ်ခဲပြန်ထုတ်ငွေ (တစ်ကြိမ်တည်းဖြင့်) ပြန်လည်တောင်းယူနိုင်သည်။ (အသေးစိတ်ကို G ပင်စင် 1-2 (4) နှင့် 2-2 (4) ဂျပန်နိုင်ငံမှ ပြန်လည်ထွက်ခွာချိန်တွင် တစ်လုံးတစ်ခဲငွေကို ကြည့်ပါ။)